INTERNATIONAL MONETARY FUND
COMMUNICATIONS DEPARTMENT

သတင်းထုတ်ပြန်ချက်အမှတ် ၁၅/
ချက်ချင်းထုတ်ပြန်ရန်
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့
ဝါရှင်တန်ဒီစီ၊ ၂၀၄၃၁ ယူအက်(စ်)အေ

# အိုင်အမ်အက်(ဖ်) အဖွဲ့၏ မြန်မာပြည်ခရီးစဉ်အပြီးထုတ်ပြန်ချက်

ယုံဂျန်းယန်ဦးဆောင်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်(ဖ်)) မစ်ရှင်အဖွဲ့သည် မြန်မာနိုင်ငံခရီးစဉ် အဖြစ် ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ လာရောက်ခဲ့သည်။ မစ်ရှင်အဖွဲ့အနေဖြင့် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိန်းနှင့် အခြားအရာရှိကြီးများနှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အိုင်အမ်အက်(ဖ်)အဖွဲ့၏ခရီးစဉ်အဆုံးသတ်တွင် မစ္စတာယန်အနေဖြင့် အောက်ပါအချက်များကို ထုတ်ပြန်ခဲ့သည်-

"ဂျီဒီပီအမှန်တန်ဖိုးတိုးတက်မှုကို (မတ်လတွင်ကုန်ဆုံးမည့်) ၂၀၁၄/၁၅ ဘဏ္ဍာနှစ်အတွက် ၇.၈ ရာခိုင်နှုန်းသို့လျှော့ချခန့်မှန်းထားသည်။ ၂၀၁၃/၁၄ ဘဏ္ဍာနှစ်အတွက် ခန့်မှန်းခဲ့သည့် ၈.၃ ရာခိုင်နှုန်းထက် လျော့ကျသွားခြင်းမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ တိုးတက်မှုနှုန်း နှေးကွေးသွားခြင်းကြောင့်ဖြစ်သည်။ ငွေဖောင်းပွမှုနှုန်းမှာ ၂၀၁၃/၁၄ ဘဏ္ဍာနှစ်က ၅.၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄/၁၅ ဘဏ္ဍာနှစ်တွင် ၆ ရာခိုင်နှုန်းဝန်းကျင်သို့မြင့်တက်လာမည်ဟု ခန့်မှန်းသည်။ လက်ရှိ ကျပ်ငွေတန်ဖိုး ကျဆင်းနေခြင်းသည် အခြေခံအားဖြင့် နိုင်ငံတကာတွင် အမေရိကန်ဒေါ်လာတန်ဖိုး ခိုင်မာလာခြင်းနှင့် ပြည်ပသာမန်ငွေပေးငွေယူစာရင်းတွင် လိုငွေကြီးမားစွာပြနေခြင်း တို့ကြောင့်ဖြစ်သည်။

ပို့ကုန်တိုးတက်မှု တုန့်နှေးနေပြီး သွင်းကုန်တိုးတက်နှုန်းသည် ၂၀၁၄ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း ယခင်နှစ်အလားတူကာလကထက် ၂၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းကြောင့် ကုန်သွယ်မှုလိုငွေသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျီဒီပီ၏ ၅.၅ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။ အဆိုပါအခြေအနေများကြောင့် ဗဟိုဘဏ်ရှိ အသားတင်နိုင်ငံတကာသီးသန့်အရံငွေပမာဏသည် ဒီဇင်ဘာလကုန်တွင် အမေရိကန် ဒေါ်လာ ၄.၅ ဘီလီယံသို့ ကျဆင်းလာခဲ့သည်။ နိုဝင်ဘာလ၏ ပဂ္ဂလိကကဏ္ဍ ဈေးငွေသည် ယခင်နှစ်နှင့်နှိုင်းစာပါက ၃၆ ရာခိုင်နှုန်းအထိ လျှင်မြန်စွာ ဆက်လက်တိုးတက်နေသည်။"

"မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ကာလလတ်အတွင်း ကောင်းမွန်နေဦးမည်ဟု ရှုမြင်သော်လည်း အချိန်တိုအတွင်းမှာမူ အကျဘက်ဦးတည်နိုင်သည့် အလားအလာများ မြင့်တက်လာနေသည်။ ငွေဖောင်းပွနှုန်းမြင့်လာနိုင်မည်ဟူသော မျှော်မှန်းချက်ကို တွန်းအားပေးနေသည့် အစိုးရကဏ္ဍလုပ်ခလစာများ ကြီးမားစွာမြင့်တက်လာနိုင်ခြေအပါအဝင် အသုံးစရိတ် ဖိအားများကြောင့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း တွေ့နေရသည်။ ပြည်ပငွေပေး ငွေယူရှင်းတမ်း၏ သာမန်စာရင်းလိုငွေပြမှု ပိုမိုကြီးမားလာနိုင်သည့်အပြင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားအရင်းအနှီးစီးဝင်မှုများ ကျဆင်းလာနိုင်ခြေရှိခြင်းတို့က သီးသန့်အရံငွေကြေးစုဆောင်းမှုကို နှေးကွေးလာစေနိုင်သည်။"

"၂၀၁၅/၁၆ ဘဏ္ဍာနှစ်၏ ဘတ်ဂျက်လိုငွေကို အာဏာပိုင်များ၏ ရည်မှန်းချက်ဖြစ်သည့် ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းအတွင်း ရှိနေစေရန်အတွက် အသုံးစရိတ်များကို ဦးစားပေးအစီအစဉ်ပြုလုပ်ခြင်းနှင့် အခွန်ရငွေများကို တိုးမြှင့်ကောက်ခံခြင်းတို့သည် မလုပ်မဖြစ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များဖြစ်သည်။ အစိုးရကဏ္ဍလုပ်ခလစာများ သိသိသာသာတိုးမြှင့်ပေးရေးအဆိုပြုချက်သည် မြန်မာနိုင်ငံ၏ တိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်နေသည့် ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အဦတို့အတွက် တိုးမြှင့်ဖြည့်ဆည်းနိုင်စွမ်းကို လျော့ကျစေနိုင်သည်။ အဆိုပါအန္တရာယ်ရှိမှုအခြေအနေကို လျှော့ချနိုင်ရန်အတွက် အစိုးရအနေဖြင့် အခွန်အခြေခံကိုချဲ့ထွင်ခြင်း၊ အခွန်ဆိုင်ရာ စည်းမျဉ်းဥပဒေများလိုက်နာမှု တိုးမြှင့်စေခြင်းနှင့် အခွန်ကင်းလွတ်ခွင့်ပေးခြင်းများကိုလျှော့ချခြင်း စသည်တို့ကို အားထည့်၍ အရှိန်မြှင့်ဆောင်ရွက်ရန်လိုသည်။ အစိုးရကဏ္ဍ၏ လုပ်ခလစာတိုးမြှင့်မှုသည် အခွန်ဝင်ငွေ၊ ထုတ်လုပ်မှုစွမ်းအားတိုးတက်မှု စသည်တို့နှင့် လိုက်လျောညီထွေရှိနေသင့်သည်။"

"ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများကို တာဝန်အဆင့်ဆင့်ခွဲဝေပေးခြင်းမရှိဘဲ ဘဏ္ဍာငွေကြေးများကိုသာ ပိုမိုခွဲဝေပေးခြင်းမျိုးကို ရှောင်ကျဉ်သင့်သည်။ ထို့အပြင် သဘာဝသယံဇာတများမှ ရငွေများအတွက် ခိုင်မာသောစီမံခန့်ခွဲမှု ရရှိအောင်ပြုလုပ်ရန်မှာလည်း အရေးကြီးသောအချက်တစ်ခုဖြစ်သည်။"

"ဇန်နဝါရီလ ၂၈ ရက်နေ့ကစတင်မိတ်ဆက်ခဲ့သည့် အစိုးရငွေတိုက်ချေးငွေစာချုပ်များ လေလံတင်ရောင်းချခြင်းမှာလည်း ငွေကြေးဖောင်းပွမှုကို ရှောင်ရှားနိုင်သည့် လိုငွေဖြည့်ဆည်းမှု နည်းလမ်းတစ်ခုဖြစ်သည့်အပြင် ဘဏ္ဍာရေးဈေးကွက် ဖွံ့ဖြိုးမှုအတွက်ကိုလည်း အထောက် အကူဖြစ်စေသည်။"

"ပြင်ပရိုက်ခတ်မှုများကို ခံနိုင်ရည်ရှိရန်နှင့် နိုင်ငံတကာသီးသန့်အရံငွေကြေးခံ တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အရှင်မျော ငွေလဲနှုန်းစနစ်ကို ဆက်လက်ထိန်းသိမ်းထားရေးမှာ များစွာအရေးကြီးသည်။ နိုင်ငံခြားငွေကြေးဈေးကွက်ကို ပိုမိုနက်ရှိုင်းလာစေရန်အတွက် နိုင်ငံခြားငွေလေလံပွဲနှင့် ဘဏ်အချင်းချင်း နိုင်ငံခြားငွေအရောင်းအဝယ်တို့တွင် နိုင်ငံပိုင်ဘဏ်များပါဝင်လာအောင် တွန်းအားပေးသင့်သည်။"

"ဗဟိုဘဏ်အနေဖြင့် ငွေသားအပိုအလျှံများကို ထိန်းထားနိုင်ရန်အတွက် သီးသန့်အရံငွေသားလိုအပ်ချက်ကို တတ်နိုင်သမျှအမြန်ဆုံး ပြန်လည်ထိန်းညှိသတ်မှတ်ခြင်းနှင့် အပ်ငွေ လေလံပွဲများဆက်လက် လုပ်ဆောင်ခြင်းတို့အပါအဝင် ၎င်း၏ငွေကြေးမူဝါဒလက်နက်များဖြင့် ထိထိရောက်ရောက် လုပ်ဆောင်သင့်သည်။"

"ဘဏ္ဍာရေးကဏ္ဍခေတ်မီရေးလုပ်ငန်းစဉ် တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။ အိုင်အမ်အက်(ဖ်)အဖွဲ့အနေဖြင့် ငွေကြေးဆိုင်ရာကြီးကြပ်မှု ခိုင်မာတိုးတက်လာခြင်းကို ကြိုဆိုသည်။ ပြည်ပဘဏ်များဝင်ရောက်လာတော့မည်ဖြစ်၍ ခေတ်မီပြီး ဟာကွက်မရှိသော စည်းမျဉ်းစည်းကမ်းများကို ဘဏ်အားလုံးအပေါ်တပြေးညီ ကျင့်သုံးရန်မှာ အလွန်ပင် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ဗဟိုဘဏ်အနေဖြင့် အရင်းအနှီးများ အလွန်အကျွံ စီးဝင်စီးထွက်ခြင်းမှ အကာအကွယ်ပေးနိုင်မည့် နည်းလမ်းများ ရှာဖွေအသုံးချခြင်း၊ အလွန်အမင်း စွန့်စား၍ နိုင်ငံခြားငွေဖြင့်ထုတ်ချေးခြင်းမျိုးကို တားဆီးနိုင်မည့် စည်းမျဉ်းများ အကောင်အထည်ဖော်ခြင်း စသည်တို့ကို ဆောင်ရွက်သင့်သည်။ စွန့်စားရမှုအန္တရာယ်ကို အနိမ့်ဆုံးလျှော့ချနိုင်ရန် ပေါ်လစီဘဏ်များအတွက် လိုင်စင်အသစ်များ ထုတ်ပေးခြင်းအပေါ် သတိကြီးစွာထား၍ ထိန်းချုပ်သင့်သည်။"

"အိုင်အမ်အက်(ဖ်)အနေဖြင့် မေခရိုစီးပွားရေးမူဝါဒများနှင့် ပြုပြင်ပြောင်းလဲမှုများအတွက် အာဏာပိုင်များနှင့် နီးနီးကပ်ကပ် ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်သည့်အပြင် နည်းပညာအထောက်အပံ့များနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို အခြားဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အနီးကပ်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။"

"အိုင်အမ်အက်(ဖ်) အဖွဲ့အနေဖြင့် အာဏာပိုင်များနှင့် အခြားအဖွဲ့အစည်းများ၏ ပွင့်လင်းသောအမြင်ချင်းဖလှယ်မှုများနှင့် နွေးထွေးပျူငှာမှုများအတွက် များစွာကျေးဇူးတင်ရှိ ပါသည်။"